ဝန်ရင်း
Read on the move

ယဉ်ယဉ်နု (မန္တလေး)

# သွေးသားရင်းချာ



## သွေးသားရင်းချာ

## (၁)

တော်တော်တော့ ထူးဆန်းနေသည်ထင်သည်။ ဝေယံမျက်မှောင်ကုပ်ကုပ်ဖြင့် အိမ်ထဲက ထွက်လာသော ဒေါ်နှင်းနှင်းခင်နှင့် ဒေါ်ကြည်ကြည်စိန်တို့ကို မလိုမလားကြည့်မိသွားသည်။ သူမျက်မှောင်ကုပ်နေသည်ကို ဟိုနှစ် ယောက်က မမြင်ပါ။ ဝေယံတို့အိမ် ခြင်လုံသံဇကာတံခါးကို အသာအယာ ပြန်ပိတ်ပြီး နှစ်ယောက်သား ခြေလှမ်းမှန် မှန်နှင့် ခြံတံခါးကအထွက် ဟိုဘက်ခြံထဲ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။ ခြံထဲမှာ ဘောလုံးတစ်လုံးနှင့် တစ်ယောက်တည်း ဆော့နေသော ဝေယံက ဘာကိုမှန်းမသိ မကျေမနပ်ဖြစ်လျက် တစ်ဖက်ခြံနှင့် ဝေယံတို့ အိမ်ကြားက အုတ်နံရံကို ဝုန်းခနဲနေအောင် ဘောလုံးနှင့် ပစ်ကန်ပစ်လိုက်သည်။ ဒီအသံကို ဒေါ်နှင်းနှင်းခင် ကြား မှာ သေချာသည်။ ဒါပေမဲ့ ခါတိုင်း တဝုန်းဝုန်းဘောလုံးကန်တိုင်း ဂရုတာထွက်ကြည့်ပြီး ဒီဘက်အိမ်မှာ လူတွေ နေတာဟေ့ ဆိုသည့်အသံမကြားရချေ။ ဝေယံနောက်ထပ် နှစ်လုံး၊ သုံးလုံးဆက်တိုက် ကန်ကြည့်သည်။ တုတ် တုတ်မှ မလှုပ်။ ဒါဆိုရင် တော်တော်တော့ ထူးဆန်းနေပြီး ဘာမှန်းသာမသိရသေးတာဖြစ်သည်။

ဝေယံသည် နောက်ဆုံးအကြိမ် နံရံကို ဘုန်းခနဲထိပြီး ပြန်လာသော ဘောလုံးကို မကန်တော့ဘဲ လက်နှစ် ဖက်နှင့်ပိုက်ဖမ်းပြီး အိမ်ထဲဝင်ရန် လှည့်လိုက်သောအချိန်တွင် “ဟေ့.. ဝေယံ” ဟု ခေါ်လိုက်သံကို အုတ်နံရံဘက်မှ ကြားလိုက်၍ တအံ့တသြ လှည့်ကြည့်မိလိုက်ရာတွင် ပိုပြီး အံ့သြသွားသည်။ ဒေါ်ကြည်ကြည်စိန်၏ သားနှစ် ယောက်ဖြစ်သော ရဲဝင်းထွန်းနှင့် နိုင်ဝင်းထွန်းတို့က

ဝင်းထရံပေါ်ကျော်ပြီး သူ့ကို ခေါ်နေသည်။ ဝင်းထရံက လူတစ် ရပ်ကျော်မြင့်၍ သူတို့ညီအစ်ကိုနှစ်ယောက် လှေကားနှင့် တက်ခေါ်တာဖြစ်ရမည်။ ဝေယံ မျက်မှောင်ပြန်ကုပ်သွား သည်။
သူတို့ညီအစ်ကိုနှင့်သူ့ကြားတွင်ဘယ်တုန်းကမှအဆက်အစပ်မရှိ။ ဒီလိုလှမ်းခေါ်ဖို့ရာဆိုတာဆိုတာ ဝေးရော။ အိမ်ချင်းကပ်နေပေမဲ့ ကူးလူးဆက်ဆံမှုမရှိခဲ့။ အခုတော့ ခေါ်ရုံမက အကြီးကောင် နိုင်ဝင်းထွန်းက လက်ထဲက ချော့ကလက်ပြားကို မြှောက်ပြပြီး "လာဦးကွ ညီလေးရေ... ချောကလက်ပေးချင်လို့ကွ"ဟုလှမ်းပြောသည်။
နဂိုကပင်ရင်ထဲကဒီနေ့ထူးဆန်းနေသည်ဟု ခံစားနေရသော ဝေယံ မျက်မှောင်ပိုကုပ်ပြီး ခေါင်းယမ်းပြကာ အိမ်ထဲ ပြေးဝင်လာခဲ့သည်။ ဝင်းထရံပေါ်မှာတော့ ဟိုညီအစ်ကို ကြောင်တောင်တောင်နှင့် ကျန်ခဲ့ကြပါစေတော့။

"ဟော... ကလေးကျူရှင်သွားဖို့ ကျောင်းကားလာတော့မယ် မဟုတ်လား။ လာလာ ဘာစားမှာတုံး"

အိမ်မှာ အတူနေသည့် ဒေါ်ပုက ဝေယံကို ထမင်းစားခန်းထဲက လှမ်းခေါ်သည်။

"မေမေရော"

"ထုံးစံအတိုင်း ဘုရားခန်းထဲမှာ နေမှာပေါ့"

ဝေယံစားပွဲမှာ ဝင်ထိုင်ရင်း မုန့်ဟင်းခါးပန်ကန်ကို ဆွဲယူပြီး "မေပု၊ သား မေးမလို့။ စောစောတုန်းက ... ဟိုဘက်အိမ်က ဒေါ်ဒေါ်တွေလာတာ တွေ့လိုက်တယ်။ ဘာလာလုပ်ကြတာလဲဟင်"

မုန့်ဟင်းခါးပန်းကန်ထဲကိုငါးဖယ်ကြော်တွေထည့်ပေးနေသောဒေါ်ပု၏ လက်များရပ်သွားသည်။ သတိကြီးစွာ ဝေယံကို ငုံ့ကြည့်ရင်းက -

"အို... ကိစ္စရှိလို့၊ ပြောစရာရှိလို့လာတာ နေမှာပေါ့။

အိမ်နီးချင်းတွေပဲဥစ္စာ”

“အိမ်နီးချင်းပေမဲ့ သူတို့လာမှ မလာတာ။ သားသိသလောက်ဆိုရင် ဘွားဘွားကြီးရှိတုန်းက လာကြသေး တယ်။ မမဝေစည်နဲ့လည်းတည့်တယ်။ ဟိုကောင်မလေး နေခြည်နဲ့သာ မတည့်တာ။ သူတို့မလာတာကြာလှပြီ။”

ဒေါ်ပုမျက်နှာကို အချိုဆုံးပြုံးလိုက်ပြီး

“အေးဟယ်လူဆိုတာအကြောင်းတွေရှိတာပေါ့။ခေါ်ချင်တဲ့အခါခေါ်မယ်၊ လာချင်ရင်လာမယ်၊ မလာချင် ရင် မလာဘူး။ ကဲ ကဲ သားလေးအမြန်စား။ ကျောင်းကားလာကြိုတော့မယ်။ ကလေးက ကလေးဘာသာနေ”

ဝေယံ ဒေါ်ပုကို မျက်စောင်းထိုးကြည့်ပြီး “ကလေးမဟုတ်တော့ဘူးဗျ။ ကိုးတန်းတောင် ဖြေပြီးနေပြီ။ ၁၅ နှစ်ပြည့်ပြီးပြီ။ ၁၆ နှစ်ထဲ ရောက်တော့မယ်။ ကျွန်တော် လူကြီးဖြစ်ပြီဗျ”

မုန့်ဟင်းခါး ဆက်မစားဖြစ်တော့ဘဲ အခန်းထဲက ထွက်သွားသည့် ဝေယံကို မျှော်ကြည့်ရင်း ဒေါ်ပု သက်ပြင်း တချချနှင့် တစုံတရာကို ရေရွတ်လိုက်သည်။

“ဒုက္ခပဲ... သူတို့ကို လျှော့တွက်လို့မရဘူး။ လူကြီးတွေ ဘယ်လော်ပဲ ဖုံးထား ဖုံးထား ကလေးတွေသိကုန် ရင် မလွယ်ဘူး မမဥရေ...။ တော်ခင်းတဲ့ဇာတ်... တော် နိုင်အောင်သာ က, ပေတော့။ ကျုပ်တို့တော့ဘာမှ မတက် နိုင်ဘူးတော်ရေ့”

*

(၂)

တရွေ့ရွေ့… ထွက်ခွာသွားသော ကျောင်းကားကို နောက်ပိုင်းမှ မျှော်ကြည့်ကာ ဝေယံတော်တော် စိတ် ဓာတ်ကျသွားသည်။ သွားပါပြီ။ တစ်ရက် ကျောင်းပျက်ရပြန်ပြီ။ အိမ်ကို တိုင်စာပို့တော့မယ်။ အေးချမ်းသည့် မေမေက ဘာမှပြောမည်မဟုတ်သော်လည်း တစ်ခါတလေ အမေ လှမ်းတိုင်ရင် ကုမ္ပဏီအလုပ်နှင့် စင်္ကာပူမှာ အခြေကျနေထိုင်ရသော ဖေဖေက အကြာကြီး လှမ်းဆူတတ်သည်။ ဝေယံက ခြံထဲက လမ်းမကြီးသို့ ထွက်သော ကိုယ်ပိုင်လမ်းကလေးထဲတွင် စိတ်ပျက်လက်ပျက် လျှောက်လာရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သူငယ်ချင်း တွေ လှမ်းခေါ်ပြီး ဂိမ်းဆိုင်ပဲ သွားရမလား၊ ဒါမှမဟုတ် …..။

"တီ" ခနဲ သံရှည်ဆွဲလိုက်သော ဆိုင်ကယ်ဟွန်းသံကြောင့် ရုတ်တရက် ဝေယံလန့်ပြီး ဒေါသဖြစ်သွားသည်။

"ဟဲ ဟဲ.. နင် အရမ်းလန့်သွားတယ်မဟုတ်လား"

ဟဲလ်မက်ကို ချွတ်လိုက်တော့ ပေါ်လာသည့် နေခြည့်မျက်နှာ စပ်ဖြဲဖြဲကြောင့် ဝေယံ ပိုစိတ်ဆိုးသွားသည်။ ဒီကောင်မလေး နှုတ်ခမ်းလေးက နီနီရဲရဲ၊ ပါးပါးလေး။ မျက်လုံးဝိုင်းဝိုင်း၊ တောက်တောက်လေး။ ဘာမှမလိမ်းမခြယ်ဘဲနှင့်ဝင်းစိုနေသောအသားအရေကြည်ကြည်လင်လင်လေးနဲ့မှ မလိုက် တွေ့လိုက်ရင် အမြဲတမ်း စပ်ဖြဲဖြဲကြောင့် ဝေယံ ပိုစိတ်ဆိုးသွားသည်။ ဒီကောင်မလေး နှုတ်ခမ်းလေးက နီနီရဲရဲ။ ပါးပါးလေး။ ဘာမှ မလိမ်း မခြယ်ဘဲနှင့် ဝင်းစိုနေသော အသားအရေ ကြည်ကြည်လင်လင်လေးနဲ့မှ မလိုက် တွေ့လိုက်ရင်

အမြဲတမ်း စပ်ဖြဲဖြဲ။ တဟီးဟီး တဟားဟား မိန်းကလေးနှင့်မတူ။ သူနှင့် ရွယ်တူဝေယံကမှ အိန္ဒြေရသေး။ အခုလည်း နီကြောင်ကြောင်ဆံပင်ကိုကျစ်ဆံပြီးသေးသေးလေးတွေပွစိတက်အောင်တစ်ခေါင်းလုံ နဖူးဘေးမှာ ကျစ်ဆံပြီးအ ကြီး တစ်ခုက ဖဲပြားအကြီးကြီးနှင့်။ သူကတော့ သူ့ကိုယ်သူ လှတယ်ထင်မလားမသိ။ ဝေယံကတော့ မထင်ပေါင်။ နှာခေါင်းရှုံ့ပြီး တစ်ဖက်ကို လှည့်လိုက်သည်။

"ဟဲ့… ဝေယံ၊ ဒီနေ့လည်း ကျောင်းလစ်ပြန်ပြီပေါ့"

"အံမာ… ကျောင်းတက်မလို့ ထွက်လာတာ။ ကားမမီလိုက်လို့"

နေခြည်က ခေါင်းကိုမော့၍ ဟက်ဟက်ပက်ပက် ရယ်နေသည်ကို ဝေယံရှုသိုးသိုးနှင့် ကြည့်သည်။ ဒါတွေပဲ။ ဒါတွေကို အမြင်ကတ်တာ။ သူတို့ကိုယ်သူတို့ အိုက်တင် တစ်ခွဲသားနှင့် ပဲများမှများ။

"ဟီး… ဟီး၊ ကျောင်းကားကလည်း နေ့တိုင်းလိုလို လွတ်၊ ငပျင်း"

ဒီတစ်ခါတော့ဝေယံရေရေလည်လည်တင်းသွားသည်။ ရှေ့ကိုတိုးပြီးဆိုင်ကယ်လက်ကိုင်းကို ကိုင်ရင်း… "ငါ့ဘာသာ ငါ ကျောင်းကားလွတ်တာ ဘာဖြစ်လဲ။ ပျင်းတော့ရော ဘာဖြစ်လဲ။ နင့်အပူမပါဘူး။ နင့်အကန့်နဲ့နင်နေ"

နေခြည်က နှာခေါင်းလေးကို လှလှပပ ရှုံ့သည်။

"ဘာလို့ ငါ့အကန့်နဲ့ ငါ နေရမှာလဲ။ ခြံချင်းကပ်လျက်ရန်ဖြစ်စရာ သူငယ်ချင်းဆိုလို့ နင်တစ်ယောက်တည်း ရှိတဲ့ဟာကို။ နေနိုင်ပေါင်။ ဒါနဲ့ စကားမစပ်။ မနေ့ကမှ ပါကင်ဖောက်ထားတဲ့ ငါ့ ဆိုင်ကလုံးလေးပေါ်က နင့် လည်ညစ်ပတ်ကြီးကို ဖယ်ပါဦး။ ဆိုင်ကယ်လေးက အသစ်စက်စက် ရှိသေးတာ။ ဟဲ ဟဲ… သွားပြီနော်"

ဟဲလ်မက်ကိုကြိုးသိုင်းမတပ်ဘဲခေါင်းပေါ်တင်ရုံတင်၍ နေခြည်ကဂျူးခနဲမောင်းထွက်သွားသည်။

“ဆိုင်ကယ်လဲရင် သေမှာနော်” လို့ ဝေယံလှမ်းအော်လိုက်ပေမဲ့ နေခြည်က လက်ကို ယမ်းပြီး ခါပြသွား သည်။ ဝေယံမကျေမနပ်နှင့် လမ်းထိပ်မှာ ကျန်နေခဲ့သည်။

“ဟဲ့၊ ဝေယံ… လမ်းဖယ်ဦးဟဲ့”

လာပြန်ပြီတစ်ယောက်လို့ အော်မိအောင် ဒီတစ်ခါရောက်လာသူက ဆိုင်ကယ်တစ်စီးနဲ့ မဝေစည်ထွန်း။ သူကလည်း ဟဲလ်မက်၊ နေကာမျက်မှန်နှာခေါင်းစည်းနှင့် မျက်နှာပေါ်မှာ ရှုပ်ယှက်ခက်နေသည်။ မမဝေစည်ကို တော့ ဝေယံက ချစ်လို့ လမ်းဘေးကပ်ပြီး ရပ်ပေးရင်း ပြုံးပြနှုတ်ဆက်လိုက်သည်။ ဝေစည်က ဆိုင်ကယ်ကို ခြေထောက်ရပ်ရင်းက သူ့ကိုယ်ပိုင် အေးချမ်းသော အပြုံးကလေးနှင့် -

“စောစောက နေခြည်နဲ့ ရန်ဖြစ်နေတာလား။”

“ဟုတ်ပ့ါ…မမဝေစည်ရယ်။သူ့ဆိုင်ကယ်ကိုကြွားနေတာလေ… ကျွန်တော်လည်းကျောင်းကားမမီလို့ ကျောင်းလစ်ဖို့ စဉ်းစားနေတာ။ အိမ်ကို ဆိုင်ကယ်ပြန်ယူလို့ မရလို့”

“ဝေယံက ဘယ်သွားမလို့လဲ။ မမဝေစည်နဲ့ လိုက်ခဲ့လေ”

“အာ… တော်ပါပြီ။ လိုက်ချင်ပါဘူး။ ဟိုကောင်တွေကို ဖုန်းဆက်ခေါ်လိုက်တော့မယ်။ ရပါတယ်။ မမဝေစည်သွားပါ”

“အေး… ဒါဖြင့် သွားတော့မယ်။ ပွဲတောင် နောက်ကျနေပြီ”

“ဘာပွဲလဲ မမ”

“အခွေ လက်မှတ်ထိုးပွဲပါတယ်။ သံစဉ်တေးတဲ့။ သွားပြီနော်”

မမဝေစည်ထွက်ခွာသွားတော့ ဝေယံသံစဉ်တေးဆိုသည့် အဆိုတော်ကို သူတို့ အဖွဲ့ထဲက ဖိုးပြည့်ဆိုသည့် ပြည့်စုံအောင် တအား ခရေစီဖြစ်တာ သတိရသွားသဖြင့် ဟန်းဖုန်းကိုထုတ်ပြီး ဖိုးပြည့်နံပါတ်တွေကို နှိပ်နေမိပါတော့သည်။

*

(၃)

ဂျာနယ်တိုက်ရှိအကြီးတန်းသတင်းထောက်စားပွဲခုံတွင်ထိုင်ရင်းဝေစည်ေ ထုတ် ယူ လိုက်သည်။ တိုက်ကို ရောက်တော့ သံစဉ်တေးပွဲက ၁၁ နာရီမှ စမည်ဆို၍ အချိန်ပိုသေးသည်မို့ အလုပ်က လေးနည်းနည်း ဖြတ်ဦးမည်ဟု စဉ်းစားရင်း မြေကွက်သတင်းဖိုင်ကို ကိုင်ပြီး အယ်ဒီတာ ဦးစိုးကျော်သူ အခန်းထဲ ဝင်လာခဲ့သည်။

"လာဟေ့… ဝေစည်၊ ဘာထူးလဲ။ ဟို တစ်နေ့က နောက်ဆက်တွဲသတင်းလား"

"ဟုတ်တယ်ဆရာ။ အဲဒီ မြေကွက်သတင်းပဲ ဝေစည့်စိတ်ထဲမှာ ဘဝင်မကျလို့ မနေ့က ထပ်သွားပြီး အင်တာဗျူးလုပ်ခဲ့တာ"

"အိုကေ… ဘာတွေထပ်ရလာလဲပြော"

"ဆရာ ဒီလောက်တောင် မြေဈေးတွေ အရမ်းကြီးနေတဲ့… သမီးတို့မြို့မှာ ကနောင်မင်းသားကြီးလမ်း အရှေ့ထိပ်မြေကွက်တွေကို ပေ ၂၀ ပတ်လည် ငါးသိန်း၊ ဆယ်သိန်းပတ်ဝန်းကျင်နဲ့ ရောင်းနေတယ်။ အဝယ်အရမ်းလိုက်တယ်။ အဲဒါ အကြောင်းပြုပြီး ဝန်းထရံတွေ ကာကြ။ အိမ်ဆောက်ကြမို့ ကပ်ဆိုင်၊ ဝါးဆိုင်၊ အိမ်ဆောက်ပစ္စည်းဆိုင်တွေ အရောင်းအဝယ်အရမ်းကောင်းနေတယ်ဆိုတာအရင်အပတ်ကဝေစည်ရေးတဲ့သတ

"အိုကေ… ဟုတ်ပြီ ဆက်ပြော"

"အဲဒီ နားမှာ ဝယ်သူတွေ၊ ရောင်းသူတွေ တရုန်းရုန်းနဲ့ စည်ကားနေတာ။ မြို့ထဲက မြေလာဝယ်တဲ့ သူတွေ လည်းရှိ၊ မေးမြန်းစုံစမ်းတဲ့သူတွေလည်းရှိတယ်။ တစ်ချို့လည်း မဝယ်ဘဲ ကားပေါ်၊ ဆိုင်ကယ်ပေါ် ပြန်တက်သွားကြတာတွေ့လို့

ဝေစည် လူတစ်ယောက်ကို ကားစက်နှိုးနေတုန်း မေတ္တာရပ်ခံပြီး မေးမိတယ်”

“အေး… ဘာပြောတုံး”

“သူက လေး၊ ငါးဆယ်ကွက် ဝယ်မလို့လာတာတဲ့။ ဒါပေမဲ့ ဈေးက အရမ်းချိုလွန်းနေတာ သတိထားမိ တယ်။ နောက်ပြီးမြေပိုင်ရှင်ခွင့်စလစ်မရှိဘူး။ ဂရမ်မရှိဘူး။ ဘိုးဘွားပိုင် မြေပုံမရှိဘူး။ လယ်သမားတွေရဲ့ လယ်မြေ တွေပါ။ ကိုယ့်ဘာသာကိုယ်ရောင်းနိုင်ပြီဆိုလို့ ကျွန်တော်တို့ကို တစ်ကွင်းလုံးရောင်းထားတာ။ကျွန်တော်တို့ကလူတိုင်း ဝယ်နိုင်အောင် အကွက်သေးသေးလေးတွေ ရိုက်တယ်။ လမ်းခင်းပြီးသားလို့ ပြောရောင်းနေကြတာ။ စာချုပ်ပဲရှိတယ်။ ဘာမှ မခိုင်မာဘူး။ ဒါကြောင့် မဝယ်တော့တာလို့ ပြောသွားတယ်ဆရာ”

“ကောင်းလိုက်တာဝေစည်ရယ်။အဲဒါ နောက်ဆက်တွဲသတင်းအနေနဲ့တင် မြေကွက်တွေကို ဓာတ်ပုံရိုက်ခဲ့။ ဝယ်နေတဲ့သူတွေလည်းရိုက်”

“ဓာတ်ပုံတွေက ကွန်ပျူတာထဲမှာတောင် ရောက်နေပြီဆရာ။ ပုံတွေအများကြီး ရိုက်ခဲ့တယ်။ ဒါပေမဲ့ ဝေစည် အဲဒီ လူစကားကြောင့် ရောင်းနေတဲ့ ပွဲစားတစ်ယောက်ကိုလည်း ဗျူးခဲ့သေးတယ်ဆရာ”

“အဲဒီ တော့”

“သူ ကြောက်နေတယ်ဆရာ ”

“ဘာ… ကြောက်နေတယ်… ဟုတ်လား”

ကိုစိုးကျော်သူစိတ်ဝင်စားမှုဖြင့်ရှေ့သို့ကုန်းလာသည်။ ဝေစည်ကလည်းစိတ်အားထက်သန်စွာ ပြောမိ သည်။

“ဟုတ်တယ်ဆရာ…။ ပုံမမှန်ဘူး။ ဝေစည့်ကို

သတင်းထောက်မှန်းလည်းသိရော အစပိုင်းက လူတွေအားလုံး ဝယ်နိုင်အောင် ဘယ်လိုကြိုးစားပေးထားတယ်လို့ အာပေါင်အာရင်းသန်သန် ပြောတာတွေ ပြောင်းလဲကုန်ပြီး ကျွန်တော်တို့က စေတနာသက်သက်ပါ။ ခင်ဗျားတို့က ရေးချင်ရာရေးရင် လူတွေ ဒုက္ခရောက် များပေ့ါ

ဘာညာနဲ့ပြောလို့ဝေစည်စိတ်အနှောင့်အယှက်ဖြစ်ရသေးတယ်။ အနားကခပ်ကြီးကြီးပွဲစားတစ်ယောက်'တောင်းပန်ပါတယ် တူမရယ်… ဖြစ်နိုင်ရင် မရေးပါနဲ့ကွယ် အကုန်ထိခိုက်ကုန်မှာစိုးလို့ပါလို့ ဝေစည့်ဆိုင်ကယ်နားထိ လိုက်တောင်းပန်တယ်ဆရာရဲ့"

ကိုစိုးကျော်သူခါးမတ်သွားသည်။မျက်လုံးတွေက စိတ်ဝင်စားမှုဖြင့် တောက်ပလာကြသည်။ စားပွဲခုံကို ဖြန်းခနဲ ပုတ်လိုက်ရင်း-

"ဝေစည်… ညည်းတော့ အစတစ်စဆွဲမိပြီလို့ ငါထင်တယ်။ အဲဒီ တော့… ဒီနေ့စည်ပင် (မြေစာရင်း)ကိုသွား။ အဲဒီ မြေတွေဘာမြေတွေလဲ၊ ပလပ်မြေလား၊ လယ်မြေလား၊ မြို့မြေလား သေချာစိစစ်ခဲ့။ သွား သွား မြန်မြန်"

ဝေစည်…ထိုင်ရာမှထသည်။ရုံးတွေကပြန်လာမှ… သံစဉ်တေးပွဲမီရင်တက်မယ်စဉ်းစားသည်။ အခန်းထဲ က ထွက်ခါနီး -

"ဆရာ… ကျွန်မတို့ရေးမယ့်အချက်တွေက သူတို့ကို ထိခိုက်ရင်ရော"

ကိုစိုးကျော်သူက တည်ကြည်သော မျက်ဝန်းများဖြင့် ဝေစည်ကို တည့်တည့်ကြည့်သည်။

"သမီးတို့က မီဒီယာသမားအစစ်တွေ။ တို့သိတဲ့ သတင်းအစစ်အမှန်တွေကို ပြည်သူတွေထဲကို ချပြဖို့ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားစရာမလိုဘူး။ မမှန်ကန်တဲ့လူတွေဟာ ထိခိုက်မှာပဲ သမီး"

"ဟုတ်တယ်ဆရာ"

“တို့ဟာ နိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်ဆိုတာ ကိုယ့်ကိုယ်ကို အမြဲခံယူထားရမယ် သမီး... ကဲ သွားတော့”

*

(၄)

ရဲဝင်းထွန်းက ကော်ဖီမစ်ဖျော်နေသည်။ အိမ်ရှေ့ခန်းကို လှမ်းကြည့်လိုက်တော့ နိုင်ဝင်းထွန်းက စီဒီပြားကို စက်ထဲထည့်ပြီး ရီမုကွန်ထရိုးကိုင်နေတာတွေ့၍ ကော်ဖီမစ်ခွက်ကို ကိုင်၍ အပြေးထွက်လာသည်။

"ဟော့… ကိုကို ငါတို့ ဒီနေ့ ဝေယံ့ကို ပြောကိုပြောမှဖြစ်မှာနော်"

နိုင်ဝင်းထွန်းက လှည့်ကြည့်ပြီး စက်ကို ဖွင့်လိုက်ရင်းက "ဟာ… မင်းကလည်း မနက်ဖြန်မှ ပြောလည်းရပါ တယ်ကွာ။ အေးဆေးပေ့ါ"

"မအေးဆေးပါနဲ့ ကိုကိုရာဝေယံသနားပါတယ်။ ငယ်ငယ်ကတည်းကတစ်ယောက်တည်းနေလာရတာ ။ တို့ငယ်ငယ်ကကစားရင်းဝေယံ့က ဟိုကောင်မလေးနေခြည်ထွန်း ဆံပင်ကို ဆွဲလိုက်တာ အာဖြဲကြီးနဲ့ ငိုလို့ မဝေ စည်ထွန်းက ချော့နေတုန်း နင့်ကို ငါ့ အစ်မက ရိုက်မှာ၊ အမေနဲ့ တိုင်မှာဆိုးလို့ ဝေယံ တော်တော်နဲ့ လာမကစား တော့ဘူးလေ။ ငါတော့ ဝေယံကို ခင်တယ်။ "

"အေးလေ… သူကမှ မခင်ဘဲ။ မနက်က ငါတို့ ချော့ခေါ်တာပဲ ကြည့်ပါလား။ လာလို့လား"

"ဒါတော့ကွာ…" ဆိုပြီး ရဲဝေထွန်း ငြိမ်သွားသည်။ ကော်ဖီကို တစိမ့်စိမ့်သောက်ရင်း မနက်က အဖြစ်အ ပျက်ကို ပြန်သတိရနေသည်။ အင်း… ဒီနေ့ ဝေယံကို ပြောမှဖြစ်မှာ။ မနက်စောစော ဟိုဘက်အိမ်က ဒေါ်နှင်းနှင်း ခင် ဒီဘက်အိမ်ကို ကူးလာပြီး ထမင်းချက်နေသည့် မေမေ့နားမှာ ဝင်ထိုင်သည်။ ကော်ဖီသရဲ ရဲဝင်းထွန်းက နိုးတာ နဲ့ ကော်ဖီသောက်ချင်လို့ မီးဖိုခန်းထဲ

ပြေးဝင်လာမလို့ ရှိတုန်း… ပြင်းထန်သည့် ဒေါ်နှင်းနှင်းခင်စကားကြောင့် လန့်သွားလို့ ရေခဲသေတ္တာကို ကွယ်ပြီး နားထောင်နေမိသည်။

"အို.. ဒီကိစ္စတွေ ရှုပ်လာတာ ဟို.. အေးဆေးဆိုတဲ့ကောင်မကြောင့်။ သေပဲမသေနိုင်ဘူး ကြည်ကြည်ရယ်"

"ဟုတ်တယ် နှင်းနှင်း၊ သုံးအိမ်လုံးဒုက္ခပဲ။ ဒီကိစ္စတွေ ဖုံးထားနိုင်မှဖြစ်မယ်နော်။ ဟို… တော်ကြာ… ဝေယံဆိုတဲ့ တစ်ကောင်ကြွက်ကလေးက သိသွားလို့ ချက်ချင်း အိမ်ပေါ်ခေါ်တင်ချင်ပါတယ်ဆိုရင် ငါတို့ ဘယ်လိုဖြစ်သွားမလဲ"

မေမေ့လက်က ဇွန်းက ဂွမ်းခနဲ တံမံသလင်းပေါ် လွတ်ကျသွားသည်။

"အမလေး… မဖြစ်ဘူး။ မဖြစ်ဘူး။ အဲဒီ လိုဆိုရင် နှင်းနှင်းတို့၊ ငါတို့ရော ဘာဖြစ်သွားမလဲ။ ဒုက္ခပဲအကုန်လုံးရှုပ်ကုန်ပြီး ငါတို့ သိက္ခာကျမှာပေ့ါ။ ဒီကောင်လေးကလည်း အသက်ပြင်းလိုက်တာ တစ်ခါတည်းသေသွားရင် အေးမှာ"

"ဟုတ်ပ့ါ ကြည်ကြည်ရယ်။ ဒီကိစ္စကို အိမ်က ကလေးတွေလည်း မသိစေနဲ့နော်။ အင်း… မသိစေနဲ့ဆိုမှ နှင်းတော့ ဝေစည့်ကို တိုင်ပင်မိတယ်။ အဲဒါ ဘယ်လိုလုပ်ကြမလဲ။"

"ဟင်… ဘာလို့ ပြောလိုက်ရတာ လဲ။ တော်ကြာကလေးတွေက သူတို့အစ်ကိုတစ်ယောက် ရန်ကုန်မှာ ရှိနေသေးတယ်ဆိုတာ သိရင် ဘယ်သူမှ ဒီအတိုင်း ငြိမ်နေကြမှာ မဟုတ်ဘူး"

ရေခဲသေတ္တာကို ကွယ်ရပ်နေသော ရဲဝင်းထွန်း ခွေလဲမတတ် အံ့သြသွားသည်။ ဘုရား… ဘုရားလို့တောင် မတစဖူးတလိုက်မိသည်။ ဘယ်သူမှ မမျှော်လင့်သည့် လျှို့ဝှက်ချက်ကြီးပါလား။ ဒါပေမဲ့ ဘာကို ပြောတာပါလိမ့်။ ကလေးတွေဆိုတာ ဦးအောင်ထွန်းနှင့် ဒေါ်နှင်းနှင်းခင်တို့၏ သမီးဝေစည်ထွန်း၊ နေခြည်ထွန်းတို့ ဖြစ်နိုင်သလို ဦးအောင်ထွန်း၏ ညီ ဦးကျော်ထွန်း

ဒေါ်ကြည်ကြည်စိန်တို့၏ သား မိမိတို့ ညီအစ်ကိုနှစ်ယောက်လည်း ဖြစ်နိုင်သည်။ ဒါဆိုရင် ဘာမှမဆိုင်တဲ့ ဟိုဘက်အိမ်က ဒေါ်အေးအေး နံမည်က ဘာလို့ ပါနေရတာ ပါလိမ့်။ ဝေယံ အဖေ ဦးထက် ခေါင်က ဘာမှသွေးမစပ်။ ဒါပေမဲ့မေမေဆက်ပြောလိုက်သည့်စကားတစ်ခွန်းကြောင့် ရဲဝင်းထွန်းရေခဲသေတ္တာ နားက ထွက်ပြေးလာခဲ့ရတော့သည်။

"အရင်းစစ်ရင် ဒီကိစ္စတွေဖြစ်လာတာ ဟိုကောင်မအေးအေးကြောင့်။ သူ့ကိုကောင်းကောင်းပြောဆိုပြီး ကတိတောင်းရမယ်။ ဘာကိုမှ မလုပ်ဖို့ လက်လည်းမခံဖို့ ပေ့ါ။ နို့မဟုတ်ရင် နိုင်ငံခြားက ဦးထက်ခေါင်ဆီကို အကြောင်းကြားမယ်လို့ ပြောရမယ်။ လာ... နှင်းနှင်း အခု သွားပြောမယ်"

"ဒေါ်ကြည်ကြည်စိန်နှင့် ဒေါ်နှင်းနှင်းခင်တို့ ထွက်သွားပြီး ရဲဝင်းထွန်းအရင်ဆုံး လုပ်သည့်အလုပ်က နိုင်ဝင်းထွန်းကိုခေါ်ပြီး ဟိုဘက်တိုက်ကူးကာ ဝေစည်ထွန်းကို အသည်းအသန်ရှာကြသည်။ ရေချိုးခန်းထဲမှာ ခေါင်းလျှော်နေသည့် ဝေစည်ထွန်းကို ရေချိုးခန်းတံခါးထုဖွင့်ပြီး မေးကြည့်တော့ ရဲဝင်းထွန်းတို့ ညီအစ်ကိုနှစ် ယောက် မေ့လဲမတတ် အံ့သြသွားကြသည်။"

"ဟုတ်တယ်၊ ရဲကြားတာမှန်တယ်မောင်လေး။ ငါတို့အားလုံးနဲ့သက်ဆိုင်တဲ့အစ်ကိုတစ်ယောက် ရန်ကုန်မှာ ရှိနေတယ်တဲ့။ မေမေက ပြောပြတယ်"

"ဘယ်လိုဆိုင်တာလဲဟင်။ ကျွန်တော်တို့ နားမလည်နိုင်ဘူး မမဝေစည်။ အဖေက ဘယ်သူ၊ အမေက ဘယ်သူမို့ ကျွန်တော်တို့အားလုံးနဲ့ တော်နေတာလဲ"

"ငါ ချမ်းလှပြီ... ပြီးမှ မေးပါလားဟယ်။ ခဏလေးစောင့်"

"မလုပ်ပါနဲ့ မမဝေစည်။ ကျွန်တော်တို့ သိချင်လှပြီ။ မေမေတို့ ဟိုဘက်အိမ်သွားနေတုန်း မြန်မြန်ပြော စမ်းပါ"

ဝေစည်ထွန်းက ရေတစ်စက်စက်ကျနေသော ဆံပင်တွေကို မ,တင်ရင်း

“အဲ့ဒီအစ်ကိုကို မွေးတဲ့လူက ဟိုဘက်အိမ်က ဝေယံ့အမေ ဒေါ်အေးအေး။ အဖေက ငါတို့အဖေလား၊ နင်တို့အဖေလားမသိဘူးတဲ့။

ရေချိုးခန်းတံခါးက ဝန်းခနဲပ ပိတ်သွားသည်။ ညီအစ်ကိုနှစ်ယောက် ကြက်သသေ၍ ကျေနပ်ပြီးမှ ဝေယံ့ကို ပြောပြဖို့ ခြိထဲဆင်းခဲ့ကြသည်။ ပြောပြဖို့ ကြိုးစားပေမဲ့ ဝေယံက လက်မခံပါ။ ဒါပေမဲ့ ရဲထွန်းက ဝေယံကို ပိုခင်သူမို့ အရမ်းပြောပြချင်နေမိသည်။ ဗီဒီယိုနှင့် ငြိမ့်နေသည့် နေဝင်းထွန်းကို ထားပစ်ခဲ့ပြီး ဝေယံသွားနေကျ ဂိမ်းဆိုင်ကို သွားကြည့်မယ်စိတ်ကူးပြီး... ဧည့်ခန်းထဲမှ လှည့်ထွက်လာခဲ့တော့သည်။

*